NSW Health

အသည်းရောင် ဘီပိုး ကာကွယ်ဆေး

မိဘအတွက်ထုတ်ဝေချက်

ဩစတြေးလျအစိုးရသည် နိုင်ငံတော် ကာကွယ်ဆေးထိုးခြင်းအစီအစဉ် (NIP) အရ ကာကွယ်ဆေး အချို့ကို အခမဲ့ထိုးပေးပါသည်။

မေး။ အသည်းရောင် ဘီပိုးသည် မည်သည်နည်း။

အသည်းရောင် ဘီပိုးသည် အဖျားတက်ခြင်း၊ အသားဝါခြင်းနှင့် နေမကောင်းခြင်းတို့ဖြစ်စေနိုင်သော ဗိုင်းရပ်စ် ဖြစ်ပါသည်။ ဤဗိုင်းရပ်စ်သည် အသည်းခြောက်ခြင်း (cirrhosis) သို့မဟုတ် အသည်းကင်ဆာ ဖြစ်စေနိုင်သည်။ တချို့သူများသည် အသည်းရောင် ဘီပိုးရှိသည်ကို မသိဘဲ၊ သူတို့မှတဆင့် တခြားသူများကို ကူးစက်နိုင်သည်။

မေး။ အသည်းရောင် ဘီပိုးက မည်သို့ ပြန့်ပွားပါသလဲ။

အသည်းရောင် ဘီပိုးသည် အောက်ပါတို့မှတဆင့် ကူးစက်ပါသည်။

- **ကလေးမွေးဖွားခြင်း (ပိုးရှိသူမိခင်မှ ကလေးသို့)**
- **အရေပြားပဲ့နေသော အနာများ သို့မဟုတ် ဒဏ်ရာများနှင့် ထိတွေ့ခြင်း**
- **အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း**
- **ဆေးထိုးအပ်ထိုးမိသည့် ဒဏ်ရာများ**
- **မသန့်ရှင်းသော ပစ္စည်းများဖြင့် ဆေးမှင်ကြောင်ထိုးခြင်း သို့မဟုတ် ခန္ဓာကိုယ် အပေါက်ဖောက်ခြင်း**
- **ဆေးထိုးအပ်များအတူသုံးခြင်း။**

မေး။ ကာကွယ်ဆေးများက မည်သို့ အလုပ်လုပ်ပါသလဲ။

ကာကွယ်ဆေးများသည် သင့်ကိုယ်ခံအားစနစ်မှ ရောဂါပိုးများတိုက်ဖျက်ရေးတွင် ကူညီပေးပါသည်။ ကာကွယ်ဆေးထိုးထားသူသည် အဆိုပါရောဂါပိုးများနှင့် ထိတွေ့မိပါက၊ ၎င်းတို့၏ ကိုယ်ခံအားစနစ်က ရောဂါပိုးကို ပိုမိုတိုက်ထုတ်နိုင်သောကြောင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်သလို ရောဂါဖြစ်ပါက သက်သာစေနိုင်သည်။

မေး။ အသည်းရောင် ဘီပိုး ကာကွယ်ဆေးက မည်မျှအထိ ထိရောက်ပါသလဲ။

အသည်းရောင် ဘီပိုး ကာကွယ်ဆေးသည် ထိုဗိုင်းရပ်စ်ကို ထိထိရောက်ရောက် ကာကွယ်ပေးသည်။

မေး။ အကြိမ်ပေါင်းမည်မျှထိုးရန် လိုအပ်ပါသလဲ။

- **ကလေးများနှင့် အသက် ၁၀-၁၉နှစ်ကြား ဆယ်ကျော်သက်အရွယ်များသည် ကလေးထိုးကာကွယ်ဆေး ၃ ကြိမ် သို့မဟုတ်၊**
- **ကလေးများနှင့် အသက် ၁၁-၁၅နှစ်ကြား ဆယ်ကျော်သက်အရွယ်များသည် မွေးစ-ကလေးအရွယ်တွင် ကာကွယ်ဆေးမထိုးထားပါက လူကြီးကာကွယ်ဆေး ၂ ကြိမ် ထိုးနိုင်သည်။**

မေး။ ကာကွယ်ဆေးကို မည်သူ ထိုးသင့်ပါသလဲ။

အသည်းရောင် ဘီပိုး ကာကွယ်ဆေး အပြည့်အဝ မထိုးရသေးသော ကလေးများနှင့် ဆယ်ကျော်သက်အရွယ်အားလုံးသည် ကာကွယ်ဆေး ထိုးသင့်ပါသည်။

မေး။ ကာကွယ်ဆေးကို မည်သူ မထိုးသင့်ပါသလဲ။

အောက်ပါသူများကို ကာကွယ်ဆေး မထိုးပေးပါ။

- **ယခင် ကာကွယ်ဆေး သို့မဟုတ် ကာကွယ်ဆေးပါပစ္စည်းကို ဓာတ်မတည့်မှု ပြင်းပြင်းထန်ထန် ဖြစ်ခဲ့သူ**
- **ကိုယ်ဝန်ရှိနေသူ**

မေး။ ကာကွယ်ဆေးများက မည်သည့်အထိ စိတ်ချရပါသလဲ။

ဩစတြေးလျတွင် ကာကွယ်ဆေးများသည် အလွန် စိတ်ချရပါသည်။ ၎င်းတို့သည် ကုထုံးသုံးပစ္စည်းများစီမံခန့်ခွဲရေးအဖွဲ့ (TGA)မှ ခွင့်ပြုချက်မပေးမီ တိကျကြပ်မတ်သော အန္တရာယ်ကင်းကြောင်းစစ်ဆေးမှုများကို အောင်မြင်ရပါမည်။ TGA သည် အသုံးပြုပြီး နောက်လည်း ကာကွယ်ဆေးအန္တရာယ်ကင်းမှုကို စောင့်ကြည့်ပါသည်။

မေး။ အသည်းရောင် ဘီပိုး ကာကွယ်ဆေးတွင် မည်သည်တို့ ပါဝင်ပါသလဲ။

ထိုကာကွယ်ဆေးတွင် အောက်ပါတို့ ပါဝင်ပါသည်-

- **ကာကွယ်ဆေးအလုပ်လုပ်ရန် ကူညီပေးသော အလူမီနီယံဟိုက်ဒရောဆိုဒ်**
- **တဆေးထွက်ပစ္စည်းများ (ရှိနိုင်သည်)**
- **နွားထွက်ပစ္စည်းများ (ရှိနေနိုင်သည်)။**

မေး။ ထိုကာကွယ်ဆေး၏ ဆိုးကျိုးများက မည်သည်တို့ ဖြစ်ပါသလဲ။

ဆိုးကျိုးများသည် အများအားဖြင့် မပြင်းထန်ဘဲ၊ အောက်ပါတို့ ပါဝင်နိုင်သည်-

- **ထိုးခံရသည့်နေရာတွင် နာကျင်ခြင်း၊ နီရဲခြင်း သို့မဟုတ် ရောင်ရမ်းခြင်း။**

ပြင်းထန်သော ဆိုးကျိုးများသည် အလွန်ရှားပါးပါသည်။

ပိုမိုသိရှိလိုပါက၊ သုံးစွဲသူ ဆေးပစ္စည်းများ ထုတ်ဝေချက် (CMI) တွင် ကြည့်ရှုပါ health.nsw.gov.au/schoolvaccination။ ဆိုးကျိုးအတွက် စိုးရိမ်နေပါက သင့်ဆရာဝန်ထံ ဆက်သွယ်ပါ။

မေး။ ပြင်းထန်သော ဓာတ်မတည့်မှုဆိုသည်မှာ မည်သည်နည်း။

ပြင်းထန်သော ဓာတ်မတည့်မှုသည် အလွန်ရှားပါးသော်လည်း ဓာတ်မတည့်မှုအပေါ် ပြင်းထန်သောတုံ့ပြန်မှု ဖြစ်ပါသည်။ အမြန်မကုသပါက သတိလစ်ခြင်း၊သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။ ကာကွယ်ဆေးထိုးပေးသူများသည် ပြင်းထန်သော ဓာတ်မတည့်မှုများကို ကုသရန် လေ့ကျင့်ထားပါသည်။

မေး။ ဤကာကွယ်ဆေးမှတ်တမ်းမရှိပါက သို့မဟုတ် မိမိကလေး ကာကွယ်ဆေးထိုးပြီး မပြီး မမှတ်မိပါက မည်သို့ လုပ်ရမလဲ။

သင့်ကလေး နောက်ထပ်တစ်ကြိမ် အသည်းရောင် ဘီပိုး ကာကွယ်ဆေး ထိုးနှံခြင်းသည် အန္တရာယ် မရှိပါ။